## မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ International IDEA ၏ သဘောထားထုတ်ပြန်ချက်

စစ်အာဏာရှင်သည် တရားဝင်မှုမရှိသည့် ၎င်းတို့၏ ရွေးကောက်ပွဲအစီအစဥ်ကို ပုံဖော်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(စကစ)ကို ဖျက်သိမ်းပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် (SSPC) ကို မြန်မာနိုင်ငံ၏ ကြားကာလအစိုးရတစ်ရပ်အဖြစ် ဖွဲ့စည်းခန့်အပ်ရန် မကြာသေးမီက ဆုံးဖြတ်ချက်များ ချမှတ်လိုက်ခြင်းအပေါ် International IDEA သည် လွန်စွာစိုးရိမ်ကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

စစ်တပ်သည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသော အရေးပေါ်အခြေအနေကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ခုနှစ်ကြိမ်တိုင် သက်တမ်းတိုးခဲ့ပြီးနောက် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ထိုအရေးပေါ်အခြေအနေအား ရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။ ထို့နောက် စစ်ကောင်စီနှင့် အသွင်တူသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ကြားကာလအစိုးရသစ်တစ်ရပ်အဖြစ် ဖွဲ့စည်းကာ အာဏာလွှဲပြောင်း ပေးအပ်ခဲ့သည်။

ဤဆောင်ရွက်မှုများသည် စစ်မှန်သောပြုပြင်ပြောင်းလဲမှုများမဟုတ်ဘဲ စစ်တပ်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလများတွင် ကျင်းပပြုလုပ်ရန် စီစဥ်ထားသည့် ရွေးကောက်ပွဲမတိုင်မီ ၎င်းတို့၏ စစ်အုပ်ချုပ်ရေးအား ဒီမိုကရေစီနည်းကျတရားဝင်သည့် အသွင်သဏ္ဍာန်ဆောင်စေရန် နည်းဗျူဟာကျကျ ပြန်လည် ပြင်ဆင်ထားခြင်းတစ်ရပ်သာ ဖြစ်သည်။ စစ်တပ်၏ ရွေးကောက်ပွဲသည် စစ်မှန်သော ဒီမိုကရေစီ ဖော်ဆောင်မှုတစ်ရပ် ဖြစ်မည်မဟုတ်ဘဲ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ကြားကာလလွှတ်တော်၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် မြန်မာနိုင်ငံ၏ တရားဝင်မှုရှိသည့် ကြားကာလအစိုးရ အင်စတီကျူးရှင်းများနှင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဥ်အရ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရန် ကြိုးပမ်းနေသည့် ပိုမိုကျယ်ပြန့်သော ဒီမိုကရေစီလှုပ်ရှားမှုကို မှေးမှိန် စေရန် တွက်ချက်လုပ်ဆောင်ခြင်းဖြစ်သည်။

စစ်တပ်သည် ၎င်းတို့စီစဥ်ထားသည့် ရွေးကောက်ပွဲအပေါ် ဆန့်ကျင်မှုများကို ဟန့်တားရန်အတွက် "ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေ" ဟူသည့် ဥပဒေသစ်တစ်ခုကို ပြဋ္ဌာန်းခဲ့ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို "ဖျက်ဆီးမှု သို့မဟုတ် နှောင့်ယှက်မှု" မှန်သမျှအတွက် သေဒဏ်အပါအဝင် ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်ထားသည်။ ဆိုက်ဘာလုံခြုံရေးဥပဒေသစ် တစ်ရပ်ကိုလည်း စစ်အာဏာရှင်က ထုတ်ပြန်ခဲ့ပြီး VPNs များအသုံးပြုမှုကို ရာဇဝတ်မှုကျူးလွန်ခြင်း အဖြစ် သတ်မှတ်ကာ တားမြစ်ထားသော ဆိုရှယ်မီဒီယာဆိုက်များကို ဝင်ရောက်ကြည့်ရှုသူများနှင့် ၎င်းဆိုရှယ်မီဒီယာများပေါ်မှ သတင်းအချက်အလက် မျှဝေသူများကို ပြစ်ဒဏ်ပေးရန် သတ်မှတ်ခဲ့သည်။ ယင်းသည် အွန်လိုင်းပေါ်မှ စောင့်ကြည့်ခြင်းနှင့် စစ်တပ်အပေါ် ဝေဖန်သူများအား ဖမ်းဆီးခြင်းတို့ကို အထိန်းအကွပ်မဲ့

လုပ်ဆောင်နိုင်စေရန် အာဏာပေးအပ်လိုက်ခြင်းဖြစ်သည်။ ဤကဲ့သို့ ပြင်းထန်သော ဥပဒေများသည် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို ဆန့်ကျင်လျက်ရှိပါသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် စစ်တပ်က စစ်အာဏာရှင်ဆန့်ကျင်ရေးတပ်ဖွဲ့များ အများစုထိန်းချုပ်ထားသည့် ကချင်ပြည်နယ်၊ ကရင်နီ(ကယား) ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့ရှိ နယ်မြေများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ် ၆၃ ခုတွင် အရေးပေါ်အခြေအနေသစ်တစ်ရပ်နှင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခဲ့သည်။

ဤအစီအမံများသည် သဘောထားမတိုက်ဆိုင်သူများကို ဖိနှိပ်ရန်၊ အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးတွင် ပါဝင်မှုကို တားဆီးရန်နှင့် မြန်မာပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး လာမည့်ရွေးကောက်ပွဲ၏ တရားမဝင်မှုနှင့် အကြမ်းဖက်မှုအန္တရာယ် မြင့်မားလာနိုင်မှုကို ထပ်လောင်းအားဖြည့်ပေးနေခြင်း ဖြစ်ပါသည်။

International IDEA သည် နိုင်ငံတကာအသိုင်းအဝိုင်းအား အောက်ပါတို့ကို လုပ်ဆောင်ရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

- **စစ်အာဏာရှင် စီစဉ်ထားသော ရွေးကောက်ပွဲကို မည်သည့် နည်းပညာ၊ ပစ္စည်း သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ပံ့ပိုးမှုများကိုမျှ မပေးအပ်ရန်။**
- ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် **မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှု၏ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန် ကြိုးပမ်းအားထုတ်နေမှုကို ထပ်လောင်းအသိအမှတ်ပြုရန်နှင့် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်ရန်။**
- လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီစံနှုန်းများကို ထိန်းသိမ်းလိုက်နာသည့်အနေဖြင့် **အားလုံးပါဝင်မှုရှိသော ဆွေးနွေးပွဲများနှင့် ပြည်သူများ၏ ဆန္ဒကို ထင်ဟပ်သည့် လက်ရှိအသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တို့ကို ပံ့ပိုးကူညီရန်။**
- စစ်အာဏာရှင်နှင့် နှစ်နိုင်ငံကြားသော်လည်းကောင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းဆွေးနွေးပွဲများတွင်သော်လည်းကောင်း သံတမန်ဆက်ဆံရေး ထားရှိခြင်းကို လုပ်ရိုးလုပ်စဉ်ပုံစံ လုပ်ဆောင်နေခြင်း၊ ထိုသို့ ဆက်ဆံခြင်းဖြင့် စစ်တပ်အား တရားဝင်မှုပေးနေခြင်းတို့ကို ကာကွယ်တားဆီးရန်အတွက် **နိုင်ငံများအကြား သံတမန်အရေးအရ လှုံ့ဆော်အသိပေးမှုများကို တိုးမြှင့်ရန်။**

- စစ်အုပ်ချုပ်ရေး အမြစ်တွယ်နေမှုနှင့် တရားဝင်မှုပေးခြင်းကို ဆန့်ကျင်လျက် ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးနှင့် အကြမ်းဖက်မှုများအဆုံးသတ်ရေး အရေးတကြီး လိုအပ်နေမှုကို သတိချပ်ကာ မြန်မာနိုင်ငံ အထူးသဖြင့် စစ်အာဏာရှင်များနှင့် ထိတွေ့ဆက်ဆံရာတွင် **'ဆိုးကျိုးဖြစ်ပေါ်မှုမရှိစေရေး (do no harm)' နည်းလမ်းကို ကျင့်သုံးရန်။**

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ၏ လက်တလော စစ်အာဏာရှင်ဆန့်ကျင်ရေး အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးနှင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်အား အမြဲတမ်းခန့်ထားနိုင်ရေး ကြိုးပမ်းခဲ့မှုများကို ကျွန်ုပ်တို့မှ ချီးကျူးပါသည်။ အာဆီယံ၏ ဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်ရန် အပါအဝင် မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီရရှိရေးကို ထောက်ခံကြောင်း ပြသသည့် ဂျပန်နိုင်ငံ၏ ဩဂုတ်လ ၁ ရက်နေ့ ထုတ်ပြန်ချက်ကိုလည်း ကျွန်ုပ်တို့ ကြိုဆိုပါသည်။ ယင်းတို့သည် ဒေသတွင်းဆိုင်ရာ ပေါင်းစည်းညီညွတ်မှုကို အားကောင်းလာစေရန်နှင့် အခြေခံမူများအတိုင်း ထိတွေ့ဆက်ဆံမှု မှတစ်ဆင့် အကျပ်အတည်းကို ဖြေရှင်းရန် အပြုသဘော ဆောင်သော ခြေလှမ်းများဖြစ်သည်။

International IDEA သည် မြန်မာ့ဒီမိုကရေစီအနာဂတ်ကို ကူညီပံ့ပိုးပေးမည့် သက်ဆိုင်သူများ အားလုံးနှင့် လက်တွဲလုပ်ဆောင်သွားရန် ဆက်လက်ကတိကဝတ်ပြုပြီး ဒီမိုကရေစီအဖွဲ့အစည်းများ ကို အကာအကွယ်ပေးရေး၊ အားလုံးပါဝင်မှုရှိသော အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆက်လက် ထောက်ခံအားပေးလှုံ့ဆော်သွားမည်ဖြစ်သည်။